# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

July 11 , 2022 Volume 56, Number 7


**၁၁.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၇၄၀ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၂၁၇၇ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၇၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၀၉.၀၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၅၇.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၈၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၇.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၂၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း စားသုံးဆီသိုလှောင်ကန်များမှ ဆီဖြန့်ဖြူးမှုအခြေအနေ ကြည့်ရှုစစ်ဆေးပြီး စားသုံးဆီတင်သွင်းသည့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



https://www.myawady.net.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဇူလိုင်လ ၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ SixWinners Brothers ကုမ္ပဏီလီမိတက်၏ ဆီသိုလှောင်ကန်များ၌ စားအုန်းဆီသိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးမှု၊ 18 Liter ပုံးများဖြင့် ဘူးသွင်းထုတ်လုပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ အစည်းအဝေးခန်းမ၌ စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ၊ စားသုံးဆီတင်သွင်းသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများကို စနစ်တကျ တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ဘဏ္ဍာနှစ်မှစ၍ စျေးကွက်သို့ ဆီပီပါများဖြင့် ဖြန့်ဖြူးနေခြင်းအစား Consumer Pack ဖြင့် ထုပ်ပိုးဖြန့်ဖြူး ရောင်းချသွားနိုင်ရေးကို လုပ်ငန်းရှင်များအား အသိပေးနှိုးဆော်ထားပြီးဖြစ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် အသိပေးပြောကြားလိုကြောင်း၊ Consumer Pack ဖြင့် ထုပ်ပိုးဖြန့်ဖြူးရောင်းချရာတွင် သက်ဆိုင်ရာ ဌာနများမှ ညွှန်ကြားထားသည့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြခြင်းအားဖြင့် သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိလာစေမည်ဖြစ်ပြီး စားသုံးသူများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားများကို ကြိုတင်ကာကွယ်ရာ ရောက်မည်ဖြစ်ကြောင်း။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စားသုံးသူလက်ခံနိုင်သည့် အရည်အသွေးပြည့်မီသော စားအုန်းဆီများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက်လည်း အရေးကြီးကြောင်း၊ ယခုအချိန်တွင် ပြည်တွင်း၌ နေကြာစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် အရည်အသွေးပြည့်မီသည့် နေကြာဆီထုတ်လုပ်

သည့်စက်ရုံများ ပေါ်ပေါက်လာစေရေးအတွက် ချေးငွေများပေးအပ်နိုင်ရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လက်ရှိစားအုန်းဆီကြမ်း ထုတ်လုပ်လျက်ရှိရာမှ အဆင့်မြင့်စားအုန်းဆီထုတ်လုပ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ပမှ စားအုန်းဆီတင်သွင်းသူများအနေဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျည်းစည်းကမ်းများနှင့်အညီ တင်သွင်းဖြန့်ဖြူးရောင်းချသွားရန် အသိပေးလိုကြောင်းပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဆီတင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်များက စားအုန်းဆီတင်သွင်းမှု၊ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး ပို့ကုန်သွင်းကုန်ရုံးခွဲ(ရန်ကုန်)ရှိ ပို့ကုန်/သွင်းကုန်ဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ကော်စေ့လုပ်ငန်းရှင်များကိုတွေ့ဆုံရာ လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာခန်းမ၌ ဆီထွက်သီးနှံ၊ ပဲ၊ နှမ်း၊ ပြောင်းကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းများမှ တာဝန်ရှိသူများ၊ ကုန်သည်များကိုတွေ့ဆုံ၍ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပဲ၊ ပြောင်း၊ နှမ်းသီးနှံများကို ပြည်ပသို့တင်ပို့နေမှုကို ရှင်းလင်းဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/27840

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံ–လေးမြို့နယ်တွင် အိမ်ခြံမြေအဝယ်လိုက်၊ အိမ်ခြံမြေဈေးနှုန်း ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကျော်လောက်အထိ တက်လာ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ–လေးမြို့နယ်ဖြစ်သော ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များတွင် မြေကွက်များ ရောင်းအားကောင်း၍ အိမ်ခြံမြေဈေးနှုန်းမှာ ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကျော်အထိ ဈေးတက်ခဲ့ကြောင်း ဒဂုံမြို့သစ်မြို့နယ်များရှိ အိမ်ခြံမြေ အကျိုးဆောင် လုပ်ငန်းတချို့မှသိရသည်။ "သိန်း ၃၀၀ တန် မြေကွက်ဆိုရင် သိန်း ၅၀၀ လောက်ဖြစ်သွားတယ်။ ၂၀၂၁ ခုနှစ်တုန်းက မြေဈေးက ဒီနှစ်လောက် မလှုပ်ခတ်သေးဘူး။ ဒဂုံအရှေ့ဘက်ခြမ်းမှာဆိုရင်လမ်းကျယ်တဲ့နေရာမှာ သိန်း ၈၀၀ တန် မြေကွက်က အခု သိန်း ၁၂၅၀ အထက်ဖြစ်လာပြီ။ ၂၀၂၁ ခုနှစ် အောက်တိုဘာလလောက်ကနေစပြီး တဖြည်းဖြည်းချင်းတက်လာတာ'' ဟု Area Pro Real Estate မှ ကိုသောမက်စ်က ဆင်ဟွာသို့ ယနေ့ ဇူလိုင် ၉ ရက်တွင်ပြောသည်။

အဆိုပါ ဒဂုံ–လေးမြို့နယ်အနက် မြောက်ဒဂုံမြို့နယ်နှင့် ဒဂုံအရှေ့မြို့နယ်များကို လူကြိုက်ပိုများပြီး အရောင်းအဝယ်ပိုသွက်ကြောင်း ကိုသောမက်စ်ကဆိုသည်။ ဒဂုံအရှေ့မြို့နယ်၌ လမ်းမပေါက်သေးသော ရပ်ကွက်များမှ မြေကွက်များအား ဝယ်ရောင်းလုပ်ကိုင်သူများက ဝယ်ယူကြကြောင်းသိရသည်။ ဒဂုံအရှေ့မြို့နယ်တွင် ရပ်ကွက် ၁ မှ ရပ်ကွက် ၁၅ အထိ အိမ်ခြံမြေများမှာ ဈေးပိုကောင်းကြောင်းသိရသည်။ "ရင်းနှီးမြှုပ်နှံဖို့ဝယ်သူတွေကတော့ ဖွံ့ဖြိုးတိုးတက်ပြီးသားမဟုတ်ဘူး။

မကြာခင်ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတဲ့ နေရာတွေကိုဝယ်ကြတယ်။ ပုံမှန်အားဖြင့် ငွေပေါ်ငွေရင်းလေးတွေကတော့ မြောက်ဒဂုံ နဲ့ ဒဂုံအရှေ့ ရပ်ကွက် ၁ မှ ရပ်ကွက် ၁၅ အတွင်းဝယ်ကြတယ်'' ဟု ကိုသောမက်စ်ကဆိုသည်။ ရန်ကုန်မြို့ပြင်ရှိ ဒဂုံ-လေးမြို့နယ်တွင် မြောက်ဒဂုံမြို့နယ်သည် ဈေးအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ယုန်ဖြူလေးအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ မလဝန်းအိမ်က “ဈေးတွေကတော့ တက်နေတယ်။ ၅၀ ကွေ့လို နေရာမျိုးမှာတောင် သိန်း ၁၀၀၀ ကျော်ပေါက်တယ်။ မြောက်ဒဂုံမြို့နယ်ထဲမှာဆိုရင် ၃၇ ရပ်ကွက်မှာ စာရွက်စာတမ်းခိုင်ရင် ပေ၂၀-ပေ၆၀ တောင် သိန်း ၁၀၀၀ ကျော် လောက်ပေါက်တယ်'' ဟု ဆင်ဟွာသို့ ယနေ့ ဇူလိုင် ၉ ရက်တွင် ပြောသည်။

မြောက်ဒဂုံမြို့နယ်တွင် သရုပ်ဆောင်များနှင့် ရန်ကုန်မြို့လယ်မှဝိတ်လျှော့၍ ခြံနှင့်အိမ်နှင့်နေထိုင်လိုသူများက ဝယ်ယူလာသောကြောင့် မြောက်ဒဂုံမြို့နယ်တွင်နေထိုင်ရန် ဝယ်ယူသူပိုများလာကြကြောင်း မလဝန်းအိမ်ကဆိုသည်။ လမ်းမတန်းမြေကွက်များလည်း သိန်းထောင်နှင့်ချီ၍ ပေါက်ဈေးရှိကြောင်းသိရသည်။

မလဝန်းအိမ်က “ဒဂုံ-လေးမြို့နယ်မှာက မြေဈေးတွေက တက်သွားတာပဲရှိတယ် ကျသွားတာမရှိဘူး။ လက်ရှိ ဗထူးလမ်းမကြီးပေါ်မှာ ပေ ၄၀-၆၀ ကို သိန်း ၅၀၀၀ ပေါက်တယ်။ တပင်ရွှေထီးလမ်းမပေါ်မှာ ပေ ၄၀-၆၀ ကို သိန်း ၃၀၀၀ ကျော်၊ သိန်း ၄၀၀၀ ကြားပေါက်တယ်။ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ပေ ၄၀ -၆၀ ကို သိန်း ၄၀၀၀ ကျော်နဲ့ သိန်း ၅၀၀၀ ကျော်ကြားပေါက်ဈေးရှိတယ်။ ပင်လုံလမ်းမကြီးကတော့ ပေ၄၀-၆၀ ကို သိန်း ၈၀၀၀ လောက်အထိ ပေါက်ဈေးရှိပါတယ်'' ဟု ပြောသည်။ လတ်တလောတွင် ကျပ်သိန်း ၁၀၀၀ အောက်မြေကွက်များမှာ ချက်ချင်းအရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/news/business/nm-220907006/

## တရုတ်က ကွမ်းသီးအနု အဝယ်လိုက်နေလို့ မွန်ပြည်နယ် ကွမ်းသီးဈေးကွက်ပျက်မှာ စိုးရိမ်နေရ




မွန်ပြည်နယ်ထွက် အရည်သောက်အရွယ် ကွမ်းသီးအနုတွေကို တရုတ်ဘက်က ဈေးကောင်း ပေးဝယ်ယူနေတာကြောင့် လာမယ့်ကွမ်းသီးပေါ်ချိန်မှာ ကွမ်းသီးအရင့် ရှားပြီး ဈေးကွက်ပျက်မှာကို စိုးရိမ်နေရတယ်လို့ ကွမ်းသီးပွဲရုံလုပ်ငန်းရှင်တွေက သံလွင်တိုင်းမ်ကို ပြောပါတယ်။

အရည်သောက်အရွယ် ကွမ်းသီးအနုတွေကို တရုတ်ကုန်သည်တွေက ဒီနှစ်ပိုင်း အတွင်း ကျေးရွာတွေအထိဆင်းပြီး ဈေးကောင်းပေးဝယ်ယူလာတဲ့အတွက် မွန်ပြည်နယ် ကွမ်းသီးဈေးကွက်မှာ ကွမ်းသီးအရင့်တွေရှားပြီး ဈေးနှုန်းမြင့်တက်လာပါတယ်။

လက်ရှိမှာတော့ ဈေးကွက်အတွင်း ကွမ်းသီးအရင့် လက်ကျန်နည်းနေတဲ့အတွက် ကွမ်းသီးတစ်ပိဿာကို ကျပ် ၄၉၀၀ ကနေ ၆၀၀၀ ကျော်ထိ ဈေးနှုန်း မြင့်တက်လာတာဖြစ်ပါတယ်။ ကွမ်းသီးပွဲရုံလုပ်ငန်းရှင် တစ်ဦးက တရုတ်က ကွမ်းသီးအနု ဝယ်ယူမှုများပြားလာတာကြောင့် လာမယ့်ကွမ်းသီးပေါ်ချိန်မှာ ကွမ်းသီးအရင့်ရှားပြီး ဈေးကွက်ပျက်မှာကို စိုးရိမ်နေရတယ်လို့ပြောပါတယ်။ “တရုတ်ဈေးကွက် မနှစ်ထဲကဝင်နေပြီး၊ ဒီနှစ်ကတော့ ပထမဆုံးပေါ်တဲ့ အစိမ်းသီးတွေကိုယူတာ ပိုများတယ်၊ သူတို့က တောဘက်ထိ သွားဆင်းဝယ်တာလေ၊ ကွမ်းသီးဟာ အခု အနုသီးလည်းသွားတယ်၊ အမှည့်လုံးလည်း ဈေးမြင့်တယ်။ အစိမ်းလုံးလည်း ဈေးမြင့်တော့ အခုဒီ အခြောက်လုံးတွေပါ ဈေးလိုက်တက်တာပေ့ါ။ ဒါပေမယ့် နောက်နှစ်ခါထွက်မယ့် ကွမ်းသီးက နည်းသွားရင်တော့ ဈေးကွက်ပျက်မှာ ကြောက်ရတာပေ့ါနော်”လို့ဆိုပါတယ်။

မွန်ပြည်နယ်မှာ အခုကာလဟာ ကွမ်းသီးရာသီကုန်ချိန်ဖြစ်တာကြောင့် ဈေးကွက်အတွင်း ကွမ်းသီးလက်ကျန် နည်းပါး လာတဲ့အတွက် ဈေးနှုန်းဆက်လက် မြင့်တက်လာပြီးနောက် အရောင်းအဝယ်အေးနေတယ်လို့ဆိုပါတယ်။ အခုလို အခြေအနေတွေကြောင့် ကွမ်းသီးအရင့်တွေ ဈေးကွက်အတွင်း ပြတ်လပ်မှု မရှိဖို့အတွက် ပြည်တွင်း လိုအပ်ချက်ကို တွက်ချက်ပြီး သိုလှောင်ထားရှိဖို့ လိုအပ်သလို တရုတ်ဝယ်ယူမှုကိုလည်း ဈေးကွက်တစ်ခု ထားရှိပြီး ထိန်းချုပ်ဖို့ လိုအပ်တယ်လို့ ကွမ်းသီးပွဲရုံ လုပ်ငန်းရှင်တွေက ဆိုကြပါတယ်။

မွန်ပြည်နယ်မှာတော့ ကွမ်းသီးတွေကို ရေးနဲ့သံဖြူဇရပ်မြို့နယ်တို့မှာ အဓိကထွက်ရှိတာဖြစ်ပြီး ရန်ကုန်၊ မန္တလေးနဲ့ ရခိုင်ပြည်နယ်တွေကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပြီး ပြည်ပတင်ပို့အနေနဲ့ အိန္ဒိယနိုင်ငံကို တင်ပို့ရောင်းချခဲ့ပေမယ့် ဒီနှစ်မှာတော့ အိန္ဒိယက ဝယ်ယူတာမရှိသေးဘူးလို့ သိရပါတယ်။

**Source:** **သံလွင်တိုင်းမ်**

https://bit.ly/htwettoev2

## ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် သစ်သားပန်းဖောက်ပန်းပုကားချပ်များ ဝင်ရောက်လာပြီး အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် မီးထွင်းပန်းချီလက်ရာ သစ်သားပန်းဖောက်ပန်းပုကားချပ်များ ဝင်ရောက်လာပြီး အရောင်းသွက်နေကြောင်း ပဲခူးမြို့နယ် ရွှေမော်ဓောဘုရားကြီးဝင်းအတွင်းရှိ ခေတ်ဆန်းအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်မှ မန်နေဂျာကိုသာဦးက ပြောပြ၍သိရသည်။

အဆိုပါ မီးထွင်းပန်းချီလက်ရာသစ်သား ပန်းဖောက်ပန်းပုကားချပ်များမှာ အရွယ်အစားအနေဖြင့် ခုနစ်လက်မ၊ ရှစ်လက်မနှင့် ကိုးလက်မအရွယ်အစားဖြစ်ပြီး စက်ဝိုင်းပုံသစ်သားပြားပေါ်တွင် ပန်းချီကားများကို မီးဖြင့်ထွင်းထားသည့် တစ်ကြောင်းပန်းချီ ရေးဆွဲထားကာ ဆေးသားသွင်းထားကြောင်း သိရသည်။

“သစ်သားအပူခံပြား အဝိုင်းလေးတွေပါ။ ဒုကတော့ တစ်လက်မခွဲ၊ နှစ်လက်မ ထူမှာပါ၊ အဲဒီအပေါ်မှာ ပန်းချီဆွဲထားတာ။ ပန်းချီကရိုးရိုးပန်းချီမဟုတ်ဘူး။ ပန်းချီပုံကို ခဲနဲ့အရင်ဆွဲပြီး မီးအပူနဲ့ပုံပေါ်အောင်ဖောက်ထားတယ်။ မီးဖောက်ထားတဲ့လိုင်းလေးတွေထဲမှာ ဆေးသွင်းထားတဲ့ ပုံစံသစ် သစ်သားဖောက်ပန်းပြားလေးတွေမို့ လူစိတ်ဝင်စားတာလဲပါတယ်။ ဈေးနှုန်းကလဲ ငွေကျပ် ငါးထောင်လောက်ကနေ စတာဆိုတော့ရောင်းရပါတယ်” ဟု ဦးသာဦးက ပြောပြသည်။

အဆိုပါ မီးထွင်းပန်းချီလက်ရာ သစ်သားပန်းဖောက်ပန်းပုကားချပ်များမှာ လေးလက်မပတ်လည် အရွယ်တစ်ချပ်လျှင် ငွေကျပ် ငါးထောင်၊ ခုနစ်လက်မပတ်လည် တစ်ချပ်လျှင် ငွေကျပ် တစ်သောင်း၊ ကိုးလက်မပတ်လည်တစ်ချပ်လျှင် ငွေကျပ် ၁၅၀၀၀ ကျသင့်သည့်အတွက် ဝယ်ယူအားပေးသူများပြားပြီး ယခုလဆန်းပိုင်းအတွင်း တစ်ရက်လျှင် အရွယ်စုံပန်းပုကားချပ် ၁၅ ချပ်ခန့် ရောင်းချနေရကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မန္တလေးဈေးကွက်အတွင်း မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့် ပေါက်ဈေးရှိနေ

မန္တလေးဈေးကွက်အတွင်း မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ယခုလက်ရှိ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း ဖွန်လတတိယပတ်မှစ၍ မုံရွာဘက်မှ ကြက်သွန်နီများ ဆက်တိုက်အဝယ် လိုက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်းမြင့်တက်ခဲ့ကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများဝယ်ယူမှု များပြားခဲ့ကြောင်းသိရသည်။

“အရင်က မန္တလေးဈေးကွက်ထဲမှာ မုံရွာဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ဝယ်ယူနေကြတယ်။ အရည်အသွေးကောင်းပြီး ကြက်သွန်နီအလုံးလှတာတွေကို ကုန်သည်တွေ အများဆုံးဝယ်ယူနေကြပါတယ်။ အခုလတ်တလောကတော့ ကြက်သွန်နီဈေးနှုန်းက နည်းနည်းပြန်ကျလာတယ်” ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လ တတိယပတ်က မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ထိ ပေါက်ဈေးရှိခဲ့သော်လည်း ဇူလိုင် ၈ ရက်ပေါက်ဈေးမှာ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့်ဈေးရှိပြီး ဈေးနှုန်းအနည်းငယ် ပြန်ကျလာကြောင်းသိရသည်။

"ကြက်သွန်နီ အရောင်းအဝယ်ကတော့ပုံမှန်ပါပဲ။ ကုန်စည်ရဲ့အရည်အသွေးကောင်းရင်ကောင်းသလို ဈေးကောင်း ပေးပြီးဝယ်ကြတယ်။ ဈေးတွေကတက်နေတော့ အချို့ကြက်သွန်နီလုပ်ငန်းရှင်တွေလဲ လှောင်ထားတာတွေရှိတယ်။ ကြက်သွန်နီဈေးကတော့ နောက်ပိုင်း ပြန်တက်ဖို့အလားအလာရှိနေပါတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မင်းဘူး(စကု) မြို့နယ်၌ စမုံနက်နှမ်းတစ်တင်း ကျပ် ၈၀၀၀၀ ကျော်ဖြင့် ယခင်နှစ်ထက် ဈေးနှုန်းပိုရနေ

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ နွေနှမ်းများလှိုင်လှိုင်ပေါ်ချိန် စံမုံနက် နှမ်းတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ကျော်ပေါက်ဈေးရှိပြီး ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိနေသည့်အတွက် နှမ်းရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံ တောင်သူများထံမှသိရသည်။

"တောင်သူအများစုက နွေနှမ်းကို မတ်လထဲမှာ မိုးစပါးမစိုက်ခင် ကြဲပတ်စနစ်နဲ့ စိုက်ကြတာ။ စမုံနက် နှမ်းမျိုးကို အများဆုံး ရွေးချယ်စိုက်ပျိုးကြပြီးတော့ နှမ်းအဖြူစိုက်တာကနည်းတယ်။ သွင်းအားစု ကုန်ကျစရိတ်က စစိုက်တဲ့အချိန်ကနေ အခု နှမ်းခါ (နှမ်းသိမ်း) ပြီးချိန်အထိ တစ်ဧကကို ကျပ် ၁၅၀၀၀၀ လောက်ပဲကုန်တယ်။ ယာမြေမှာစိုက်တဲ့ မိုးနှမ်းထက် လယ်မြေမှာစိုက်တဲ့ နွေနှမ်းက ကုန်ကျစရိတ်အများကြီးသက်သာပြီး အမြတ်အစွန်းပိုရတယ်။ ဒီနှစ်နွေနှမ်းက အထွက်နှုန်း ကောင်းတယ်လို့ပြောရမှာပါ။ နှစ်ဧကကျော်စိုက်ခဲ့တာ ခုဆိုရင် တစ်ဧက ၁၀ တင်းနီးပါးထွက်တယ်။ ပြန်ထောင် နှမ်းခါတာနဲ့ဆိုရင် ၂၅ တင်းလောက်ရပါတယ်။ အခုလက်ရှိ နွေနှမ်းပေါ်ချိန် စမုံနက်က ကျပ် ၈၀၀၀၀ ကျော်နဲ့ ရောင်းချရတော့ ဈေးကောင်းရပြီး ဒီနှစ်နွေနှမ်းစိုက်ရတာ ပိုပြီးတွက်ခြေကိုက်ပါတယ်" ဟု ကုန်းသာကျေးရွာမှ နွေနှမ်းစိုက် တောင်သူ ကိုမင်းမင်းကပြောသည်။

"ဒီရက်ပိုင်း နှမ်းဈေးတက်တော့ နွေနှမ်း(ခေါ်) ရေသွင်းနှမ်းတွေ လှိုင်လှိုင်ပေါ်ချိန်ဈေးကောင်းရပြီး အရောင်းသွက် နေတယ်။ စမုံနက်က ခေါင်စဆိုရင် ဈေးပိုကောင်းပြီး ကျပ် ၈၂၀၀၀ အထိ ပေါက်ဈေးရှိတယ်။ အရင်နှစ်ကဆိုရင် စမုံနက်က ကျပ် ၇၀၀၀၀ ဝန်းကျင်လောက်ပဲရှိတာ။ နွေနှမ်းပေါ်ချိန်ဈေးကောင်းရတော့ တောင်သူအဖို့ အဆင်ပြေတာပေါ့။ ကျွန်မတို့ပွဲရုံကို ၁၅ ပိဿာ နှမ်းတစ်တင်းကို စမုံနက်က ကျပ် ၈၂၀၀၀၊ နှမ်းအဖြူက ၆၈၀၀၀၊ နှမ်းအနီက ၆၅၀၀၀၊ နှမ်းအညိုက ၆၀၀၀၀ နဲ့ ဝယ်နေပါတယ်။ မင်းဘူး၊ မကွေးမှာရှိတဲ့ ကုန်သည်ပွဲရုံတွေက မန္တလေးကုန်စည်ဒိုင်ကြီးတွေကို ချိတ်ပြီးတစ်ဆင့်ပြန်ရောင်း၊ အဲဒီကနေမှတစ်ဆင့် တရုတ်ပြည်ကိုတင်ပို့တာပါ။ နှမ်းနက်ကို တရုတ်ပြည်ဘက်က အဝယ်လိုက်နေတော့ တောင်သူတွေ ဈေးကောင်းရတာပါ" ဟု မင်းဘူးမြို့ရှိ ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

**Source:** မြန်မာ့အလင်း

## ကလိန်အောင်မြို့မှထွက်ရှိသည့် ကိုကိုးသီးများ ပြည်တွင်းပြည်ပမှ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ဈေးကောင်းရရှိ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ဒေသမှထွက်ရှိသည့် ကိုကိုးသီးများ ပြည်တွင်းပြည်ပက ဝယ်လိုအားမြင့်တက်လာမှုကြောင့် ဈေးကောင်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးသည့်တောင်သူများထံမှသိရသည်။

ပြီးခဲ့တဲ့နှစ်က ကိုကိုးသီးဝယ်ယူတဲ့ဈေးနှုန်းက တစ်ကီလိုကို ငွေကျပ် ၄၅၀ ရရှိပြီး အခုလက်ရှိပေါက်ဈေးက တစ်ကီလိုကို ငွေကျပ် ၅၅၀ နှုန်းရရှိနေကြောင်း၊ ကလိန်အောင်မြို့ဒေသအတွင်းမှ ထွက်ရှိသည့် ကိုကိုးသီးများကို အာနန္ဒာ ကိုကိုးကော်ဖီကုမ္ပဏီက လာရောက်ဝယ်ယူကြသလို ကလိန်အောင်မြို့ အောင်ဇမ္ဗူကိုကိုးခြံလုပ်ငန်းကလည်း ဝယ်ယူလျက် ရှိကြောင်း ကလိန်အောင်မြို့မှ တောင်သူ ဦးနေလင်းအောင်ကပြောသည်။

"ကိုကိုးပင်က နေရောင်တိုက်ရိုက်ထိတွေ့မှုကို မကြိုက်ဘူး။ ဒါကြောင့် အစိုဓာတ်ရှိတဲ့ ကွမ်းသီးပင်ကြားမှာ စိုက်ပျိုးတာအသင့်တော်ဆုံးဖြစ်ပါတယ်။ ကလိန်အောင်မြို့မှာက ကွမ်းသီးခြံစိုက်ပျိုးဧကများတော့ တောင်သူတွေအနေနဲ့ ကွမ်းသီးခူးဆွတ်ပြီးရင် ဝင်ငွေအပိုရရှိစေဖို့အတွက် ကိုကိုးပင်တွေကို ကြားညှပ်စိုက်ပျိုး ကြပါတယ်။ ကျွန်တော့်ကွမ်းခြံထဲမှာ စိုက်ပျိုးထားတာ ကိုကိုးအပင် ၄၀၀ လောက်ရှိတယ်။ အခုခူးပြီး ရောင်းနေရပါတယ်" ဟု ကိုကိုးစိုက်ပျိုးသည့် တောင်သူ တစ်ဦးကပြောသည်။

ကိုကိုးပင်များကို ဖွန်လမိုးရာသီတွင် စတင်စိုက်ပျိုးရာ သုံးနှစ်အကြာတွင် ပန်းများစတင်ပွင့်ပြီး ငါးနှစ်အကြာတွင် ခူးဆွတ်ရောင်းချနိုင်သည့် နှစ်ရှည်ပင်ဖြစ်ကြောင်း သိရသည်။

**Source: ကြေးမုံ**

## Intel Company က ဂျာမနီနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စီစဥ်ဆောင်ရွက်ခြင်း

အမေရိကန်နိုင်ငံ Intel Company က ဂျာမနီနိုင်ငံအရှေ့ပိုင်း Magdeburg မြို့တွင် Computer Microchips များ ထုတ်လုပ်သည့် Complex တစ်ခုကို လာရောက်ရင်းနှီးမြှုပ်နှံရန် စီစဥ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ 3D High-tech processor complex သည် ယူရို ၁၇ ဘီလီယံတန်ဖိုးရှိပြီး ၂၀၂၃ ခုနှစ်အစောပိုင်းတွင် စတင်တည်ဆောက်နိုင်ရန် ရည်မှန်းထားရှိပါသည်။ Intel Company ၏ မန်နေဂျင်းဒါရိုက်တာ Ms. Christin Eisenschmid က ဂျာမနီနိုင်ငံဈေးကွက်ကို အဓိကဦးတည်၍ ဥရောပနှင့် အခြားဈေးကွက်များကို ဝင်ရောက်ရန်ရည်ရွယ်ကြောင်း၊ ရေရှည်တွင် ချိတ်ဆက်ထားသော စက်ရုံ (၈) ခုအပါအဝင် Mega-fab ကြီးတစ်ခုကို တည်ထောင်ရန်ရည်ရွယ်ထားကြောင်း၊ cutting-edge chips များထုတ်လုပ်၍ ဥရောပဒေသတွင် ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရာ၌ အရေးပါလာစေရန်ဖြစ်ကြောင်း၊ ဥရောပဒေသအနေအထားအရ cutting-edge Semiconductor ထုတ်လုပ်မှုများနှင့် ဂေဟစနစ်တိုးတက်မှုများ ပေါင်းစပ်လာစေရန် မဟာဗျူဟာချမှတ်ထားရှိကြောင်း၊ အာရှနိုင်ငံများမှ Semiconductor များ တင်သွင်းရမှုကိုလည်း လျော့ကျစေနိုင်မည်ဖြစ်ကြောင်း ပြောကြား ပါသည်။ ဂျာမနီနိုင်ငံအနေနှင့် လက်ရှိတွင် ကမ္ဘာ့စီးပွားရေးတွင် စတုတ္ထအကြီးဆုံးနှင့် ဥရောပတွင် တိုးတက်မှုအများဆုံးရှိသည့် နိုင်ငံဖြစ်ခြင်း၊ အော်တိုမိုတစ်၊ ဒစ်ဂျစ်တယ်ကဏ္ဍ၊ Cloud computing နှင့် လုံခြုံမှုအပိုင်းများ တိုးတက်မှုရှိခြင်း၊ ထိပ်တန်း ဦးဆောင်ကုမ္ပဏီကြီးများရှိခြင်း၊ ကမ္ဘာ့အဆင့်မီ သုတေသနအဖွဲ့အစည်းများရှိခြင်းစသည်တို့က Intel ကုမ္ပဏီအတွက် လာရောက်ရင်းနှီးမြှုပ်နှံရန် အဓိကအချက်များဖြစ်စေကြောင်း၊ Magdeburg ဒေသသည်လည်း လိုအပ်သည့်အခြေခံ အဆောက်အဦပိုင်း၊ နေရာအကျယ်အဝန်းပိုင်း သင့်တော်ကောင်းမွန်ပြီး အဓိကမြို့ကြီးများ၊ တက္ကသိုလ်များနှင့်လည်း ချိတ်ဆက်သွားလာလွယ်ကူမှုရှိခြင်းတို့ကလည်း လုပ်ငန်းကျွမ်းကျင်သူများနှင့်အခြားစက်မှုလုပ်ငန်းများ၊ ဝယ်ယူသုံးစွဲသူ များနှင့် ထိတွေ့မှုရရှိ နိုင်ကြောင်း Ms. Christin Eisenschmid က ထပ်မံပြောကြားပါသည်။

Intel ကုမ္ပဏီအနေနှင့် လက်ရှိတွင် Magdeburg ဒေသတာဝန်ရှိသူများနှင့် နီးကပ်စွာဆက်သွယ်ဆောင်ရွက်နေပြီး ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်ပိုင်း တွင် ၄၅၀ ဟက်တာအကျယ်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ပြီး ၂၀၂၇ ခုနှစ်တွင် cutting-edge Semiconductor များထုတ်လုပ်မှု စတင်နိုင်ရန် ရည်မှန်းထားပါသည်။ စီမံကိန်းနေရာရွေးချယ်ခြင်းနှင့် လုပ်ငန်း စတင်နိုင်ရန်တို့အတွက် ဂျာမန်ဖက်ဒရယ်အစိုးရ၊ Saxon7- Anhalt ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် Germany Trade and Invest (GTAI) တို့က ဝိုင်းဝန်းပူးပေါင်းပံ့ပိုးပေးကြပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: Gemany Trade and Invest (GTAI) Newsletter, June 2022**

## တရုတ်နိုင်ငံ ပြည်တွင်းယူရီးယားဈေး ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ၂.၂၁ ရာခိုင်နှုန်းကျဆင်းခဲ့

တရုတ်နိုင်ငံ၏ ပြည်တွင်းယူရီးယားဈေးနှုန်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ၂.၂၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသောဇယားအရ ပြည်တွင်းယူရီးယားဈေးကွက်ပေါက်ဈေးသည် လွန်ခဲ့သည့်အပတ်က တစ်တန်လျှင် တရုတ် ငွေကြေး ၃၁၆၇ ယွမ်ရှိခဲ့ရာမှ ယခင်အပတ်က အနည်းငယ်ကျဆင်းခဲ့ပြီး ယခု သီတင်းပတ်ကုန်တွင် ၃၀၉၇ ယွမ်သို့ ၂.၂၁

ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ ယမန်နှစ် အလားတူကာလထက် ၁၅.၁၃ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ ကုန်ကျစရိတ်ပံ့ပိုးမှုကောင်းမွန်၍ ထုတ်လုပ်မှုနောက်ပိုင်းဝယ်လိုအားသည် ယေဘုယျသာဖြစ်သော်လည်း ယူရီးယားရောင်းလိုအားမှာ မြင့်မားပါကြောင်း ဖော်ပြထားပါသည်။

အမြောက်အမြားထုတ်လုပ်သူများထံမှ အချက်အလက်များအရ တရုတ်နိုင်ငံရှိ ပင်မစက်ရုံထုတ် ယူရီးယားဈေးနှုန်းသည် ပြီးခဲ့သည့်အပတ်က အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ဂျန်ရှူးစန် Zhangzhou San'an ယူရီးယားတစ်တန်လျှင် ယွမ် ၃၃၀၀ ဖြင့် ယခုသီတင်းပတ်တွင် ဈေးပေါက်ခဲ့ရာ လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်နှင့်နှိုင်းယှဉ်ပါက ယာယီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း၊ ရှန်ဒုံးရှီဇင်း Shandong Ruixing ယူရီးယားတစ်တန်လျှင် ၃၀၆၀ ဖြင့် ဈေးပေါက်ခဲ့ပြီး ယခုသီတင်းပတ်တွင် တစ်တန်လျှင် ၉၀ ယွမ် ကျဆင်းသွားကြောင်း၊ Hualu Hengsheng ယူရီးယားသည် ယခု သီတင်းပတ်ကုန် တွင် ၃၀၈၅ ယွမ်/ တန်ဈေးပေါက်ခဲ့ရာ လွန်ခဲ့သည့်နှစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက တစ်တန်လျှင် ၂၀ ယွမ်ဈေးကျဆင်းခဲ့ကြောင်း၊ စက်မှုလုပ်ငန်းကွင်းဆက်၏ အထက်ပိုင်းနှင့်အောက်ပိုင်းအချက်အလက်များအရ ယူရီးယား၏ အထက်ပိုင်းထွက်ကုန်များသည် ယခင်အပတ်ကထက် အနည်းငယ်ကျ ဆင်းသွားကြောင်း၊ liquefied natural gas LNG ဈေးနှုန်းသည် လွန်ခဲ့သည့်နှစ်ပတ်ကုန်တွင် တစ်တန်လျှင် ၆၃၆၂ မှ လွန်ခဲ့သည့်ရက် သတ္တပတ် အတွင်း ၅၈၂၀ ယွမ်သို့ အနည်းငယ်ကျဆင်းသွားခဲ့ကြောင်း၊ ယခင်အပတ်က ၈.၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်နှစ်ထက်တစ်နှစ် ၆၄.၅၆ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ အင်သရာဆိုဒ်ကျောက်မီးသွေးဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မေလမှဇွန်လအထိ အင်သရာဆိုဒ် ကျောက်မီးသွေးဈေးနှုန်းသည် တစ်တန်လျှင် ယွမ် ၂၅၀ ခန့်မြင့်တက်ခဲ့ကြောင်း ယူရီးယားထုတ်လုပ်မှုအဆင့် နောက်ပိုင်းရှိ မယ်လမင်းဈေးသည် ပြီးခဲ့သည့် သီတင်းပတ်ကုန်တွင် တစ်တန်လျှင် ၉၆၀၀ ယွမ်မှ ယခင်သီတင်းပတ်ကုန်တွင် ၉၅၃၃.၃၃ ယွမ်သို့ ယခင်အပတ် က အနည်းငယ်ကျဆင်းခဲ့ပြီး ၀.၆၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ဝယ်လိုအား၏ရှုထောင့်မှနေ၍ စိုက်ပျိုးရေးဝယ်လိုအားသည် ယေဘူယျဖြစ်ပြီး စက်မှုကဏ္ဍလိုအပ်ချက်မှာ အဓိကအားဖြင့် ခိုင်မာပါကြောင်း၊ တောင်ဘက်တွင် မိုးရွာသွန်းမှုပိုများလာပြီး စိုက်ပျိုးရေးအပိုင်းမှ လိုအပ်ချက် လျော့နည်းလာကြောင်း၊ ဒြပ်ပေါင်းဓာတ်မြေသြဇာနှင့် ရော်ဘာပြားစက်ရုံများ၏ လုပ်ငန်းများသည် ယေဘူယျအားဖြင့် ဝယ်ယူရန်လိုအပ်ရုံမျှသာဖြစ်ပြီး ၎င်းတို့၏လုပ်ငန်းကိုစတင်ခဲ့ကြကြောင်း မယ်လမင်းဈေး အနည်းငယ်ကျလာပြီး ယူရီးယားဝယ်ယူမှုအပေါ် စိတ်အားထက်သန်မှု အားနည်းလာခဲ့သည်။

ရောင်းလိုအားရှု့ထောင့်မှနေ၍ တစ်နေ့လျှင် ယူရီးယားအထွက်နှုန်းမှာ တန်ချိန် ၁၇၀၀၀၀ ခန့်ရှိကြောင်း၊ မကြာသေးမီက အချို့သောထုတ်လုပ်သူများသည် စက်ရုံပြုပြင်မွမ်းမံရန်စီစဉ်နေပြီး ယူရီးယားအထွက်နှုန်းလျော့ကျမည်ဟု မျှော်လင့်ရကြောင်း၊ အနာဂတ်ဈေးကွက်တွင် ယူရီးယားဈေး အနည်းငယ်အတက်အကျရှိပြီး အဓိကအားဖြင့် ကျဆင်းခဲ့ကြောင်း၊ ဇူလိုင်လ ပထမဆယ်ရက်အတွင်း ပြည်တွင်းယူရီးယားဈေးကွက်သည် အဓိကအားဖြင့် စုစည်းမှုကြောင့် အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ယူရီးယားလေ့လာသုံးသပ်သူများသည် ယူရီးယားထုတ်လုပ်မှု အထက်ပိုင်းရှိ အင်သရာဆိုဒ်ကျောက်မီးသွေးအတုံး ဈေးကွက်အနည်းငယ်တက်လာပြီး ကုန်ကျစရိတ်ထောက်ပံ့မှု ကောင်းမွန်မည်ဟု ယုံကြည်ကြကြောင်း ယူရီးယားထုတ်လုပ်မှု၏နောက်ပိုင်း စိုက်ပျိုးရေးဝယ်လိုအား အားနည်းလာကာ စက်မှုဝယ်လိုအား လွှမ်းမိုးလာသဖြင့် ယူရီးယားတင်ပို့မှုကို ကန့်သတ်ထားကြောင်း၊ ယူရီးယားနေ့စဉ်ထုတ်လုပ်မှုသည် မြင့်မားသောအဆင့်တွင်ရှိပြီး ကျဆင်းမည့် မျှော်လင့်ချက်များရှိကြောင်း၊ လက်ရှိမှာ ရောင်းလိုအားက ဝယ်လိုအားထက် ကျော်လွန်နေပြီး မကြာသေးမီက ယူရီးယားသည် အနည်းငယ်ကျဆင်းသွားနိုင်ကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**ရင်းမြစ် http://www.sunsirs.com/uk/detail_news-7790.html**

# STOCK EXCHANGE (11.7.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th Jul. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +100 | +1.35% | 7,500 | 7,500 | 7,500 | 182 | 1,365,000 | 33,109,694 | 248,323 |
| MTSH | 00002 | 2,600 | -50 | -1.89% | 2,650 | 2,650 | 2,600 | 2,848 | 7,405,500 | 38,929,150 | 101,216 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,848 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 15 | 262,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 176 | 431,200 | 12,823,224 | 31,417 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,600 | 2,600 | 2,500 | 70 | 180,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


## Market summary

As of 11th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 344.58 | +0.41 | +0.12% | 344.17 | 345.70 | 344.17 | 3,291 | 9,644,200 | 7 | 599,446 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 11th Jul. 2022

| MYANPIX | 344.58 ▲ 0.41 |
|---|---|
| Total Volume (shares) | 3,291 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 599,446 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 100 |
| MTSH | 00002 | 2,600 | ▼ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |